# ၁၉၅၆ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့်စတင်အာဏာတည်သည့်နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသ၊ သို့တည်းမဟုတ် ဒေသများ၌သတ်မှတ်သည့်နေ့ရက်၊ သို့တည်းမဟုတ် နေ့ရက်များတွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) " ရောင်းဝယ်လုပ်ကိုင်မှု " ဆိုသည့်စကားရပ်တွင် ကုန်သွယ်ရောင်းဝယ်မှုတခုခု၊ သို့တည်းမဟုတ် ကူးသန်းရောင်းဝယ်မှုတခုခု၊ သို့တည်းမဟုတ် အထည်ဝတ္ထုလုပ်ကိုင်မှုတခုခု၊ သို့တည်းမဟုတ် စက်မှု လက်မှုလုပ်ငန်းတခုခု၊ သို့တည်းမဟုတ် ပညာသည်အလုပ်တခုခုသော်၎င်း၊ ကုန်သွယ်ရောင်းဝယ်မှု၊ သို့တည်းမဟုတ် ကူးသန်းရောင်းဝယ်မှု၊ သို့တည်းမဟုတ် အထည်ဝတ္ထုလုပ်ကိုင်မှု၊ သို့တည်းမဟုတ် စက်မှု လက်မှုလုပ်ငန်း၊ သို့တည်းမဟုတ် ပညာသည်အလုပ်မျိုးသဘောသက်ရောက်သည့် အစမ်းလုပ်ကိုင်မှုတခုခုသော်၎င်း ပါဝင်သည်။

(ခ) " ရောင်းဝယ်လုပ်ကိုင်မှုဥပစာ "ဆိုသည်မှာ၊ ရောင်းဝယ်လုပ်ကိုင်မှုတခုခုအတွက် အသုံးပြုထားသော မည်သည့်အဆောက်အဦ၊ မြေ၊ သို့တည်းမဟုတ် နေရာဌာနကိုမဆို ဆိုလိုသည်။

(ဂ) " အခွန်ထမ်း " ဆိုသည်မှာ၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ထမ်းဆောင်ထိုက်သူကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် ပစ္စည်းမခွဲဝေရသေးသောဟိန္ဒူမိသားစု၊ အသင်း၊ အဖွဲ့အစည်း၊ ကုန်ဖက်စပ်လုပ်ငန်း၊ ကုမ္ပဏီ၊ သို့တည်းမဟုတ် ကုန်ကူးသန်းရောင်းဝယ်ရေးစနစ်အတိုင်း ဆောင်ရွက်နေသည့်၊ နိုင်ငံတော်အစိုးရလက်အောက်ခံအဖွဲ့ (BOARD) နှင့်အခြားအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဃ) " အခွန်စည်းကြပ်သောနှစ် " ဆိုသည်မှာ၊ အစိုးရ၏ဘဏ္ဍာတော်နှစ်ကိုဆိုလိုသည်။

(င) " မင်းကြီး "ဆိုသည်မှာ၊ ဤအက်ဥပဒေအရရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်မင်းကြီးအဖြစ် ခန့်ထားခြင်းခံရသူကိုဆိုလိုသည်။

(စ) " လက်ထောက်မင်းကြီး "ဆိုသည်မှာ၊ ဤအက်ဥပဒေအရရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်လက်ထောက်မင်းကြီးအဖြစ် ခန့်ထားခြင်းခံရသူကိုဆိုလိုသည်။

(ခ) ''အခွန်စည်းကြပ်ရေးဝန်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်စည်းကြပ်ရေးဝန်အဖြစ် ခန့်ထားခြင်းခံရသူကိုဆိုလိုသည်။

(ဇ) ''ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်ဝန်ထောက်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်ဝန်ထောက်အဖြစ်ခန့်ထားခြင်းခံရသူကိုဆိုလိုသည်။

(ဈ) ''သတ်မှတ်ထားသည်''ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသည်ကိုဆိုလိုသည်။

အခွန်စည်းကြပ်ခြင်း။-

၃။ ။(၁) ဤအက်ဥပဒေတွင် ပူးတွဲပါရှိသော ဇယား၏အပိုင်း ၁ တွင် ဖော်ပြထားသည့်နှုန်းအတိုင်း၊ အပိုင်း ၂ တွင်ဖော်ပြထားသောတနှစ်အတွက် ငှါးခထက်မနည်းပေးရသော မည်သည့်လုပ်ငန်းဌာနပေါ်တွင်မဆို၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ကို၊ အခွန်စည်းကြပ်သောနှစ်တနှစ်စီအတွက် စည်းကြပ်ကောက်ခံစေရမည်။

(၂) ဤအက်ဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ''တနှစ်အတွက်ငှါးခ ''ဆိုသည်မှာ၊ ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေ၏ပုဒ်မ ၈၀၊ ပုဒ်မခွဲ (၂)၊ သို့တည်းမဟုတ် မြူနီစီပါယ်အက်ဥပဒေ၏ ပုဒ်မ ၆၂၊ ပုဒ်မခွဲ (၄)၊ ဆိုင်သင့်ရာရာတွင် အဓိပ္ပါယ်ဖော်ပြထားသည့်တနှစ်အတွက်ငှါးခကို ဆိုလိုသည်ဟု မှတ်ယူရမည်။

(၃) ရောင်းဝယ်လုပ်ကိုင်မှု ဥပစာ၏တနှစ်အတွက်ငှါးခကို မြူနီစီပါယ်က ပြတ်ဆိုခြင်းမရှိခဲ့လျှင်သော်၎င်း၊ ရောင်းဝယ်လုပ်ကိုင်မှု ဥပစာသည်၊ မြူနီစီပါယ်က အားလုံးပေါင်း၍ တနှစ်အတွက် ငှါးခ ပြတ်ဆိုထားပြီးဖြစ်သော အဆောက်အဦ၊ သို့တည်းမဟုတ် မြေ၏တစိတ်တဒေသသာဖြစ်လျှင်သော်၎င်း၊ ''တနှစ်အတွက်ငှါးခ'' ဆိုသည်မှာ၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာအတွက် သီးခြားထားသောနေရာ၏ တနှစ်အတွက်ငှါးခ မည်မျှမည်မျှရရှိမည်ဟု ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်ဝန်ထောက်က ခန့်မှန်းပြတ်ဆိုသည့်ငှါးခကိုဆိုလိုသည်ဟု မှတ်ယူရမည်။

ကင်းလွတ်ခွင့်၊ နှုန်းလျှော့ခွင့်၊ သို့တည်းမဟုတ် အခြားပြင်ဆင်ခွင့်အာဏာ။

၄။ ။မည်သည့်ရောင်းဝယ်လုပ်ကိုင်မှု ဥပစာပေါ်တွင်မဆို၊ သို့တည်းမဟုတ် မည်သည့်ရောင်းဝယ်လုပ်ကိုင်မှုဥပစာအမျိုးအစားပေါ်တွင်မဆို၊ စည်းကြပ်ကောက်ခံရမည့် အခွန်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာဖြင့် ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့်ကင်းလွတ်ချက်၊ အခွန်နှုန်းလျှော့ပေါချက်၊ သို့တည်းမဟုတ် အခြားပြင်ဆင်ချက်များကို ပြုလုပ်နိုင်သည်။

ရောင်းဝယ် လုပ်ကိုင်မှု ဥပစာ၏တနှစ်အတွက် ငှါးခနှင့်သက်ဆိုင်သည့်နို့တစ်စာနှင့်စာရင်း။

၅။ ။ရောင်းဝယ်လုပ်ကိုင်မှုဥပစာတွင် ရောင်းဝယ်လုပ်ကိုင် ဆောင်ရွက်နေသူ မည်သူမဆို၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်ကပေးသော နို့တစ်စာရရှိလျှင်၊ ထိုရောင်းဝယ် လုပ်ကိုင်မှု ဥပစာခွန် ဝန်ထောက်ထံ မိမိလုပ်ကိုင် ဆောင်ရွက်နေသော ရောင်းဝယ် လုပ်ကိုင်မှုဥပစာ၏ တနှစ်အတွက် ငှါးခနှင့်စပ်လျဉ်း၍သတ်မှတ်ထားသည့်ပုံစံနှင့်နည်းလမ်းအတိုင်း၊ နို့တစ်စာတွင်ဖော်ပြထားသည့်အချိန်အတွင်း အစီရင်ခံစာရင်းတရပ်ကိုတင်သွင်းရမည်။

အစီရင်ခံ စာချင်းသစ် တင်သွင်းခြင်း။

၆။ ။မည်သူမဆို၊ ပုဒ်မ ၅ အရ၊ ဝရောင်းဝယ်လုပ်ကိုင်မှု ဥပဇာခွန်ဝန်ထောက်ကပေးသောနို့တစ်စာတွင် ဖေါ်ပြထားသည့်အချိန်အတွင်း၊အစီရင်ခံစာရင်းတရပ်ကိုမတင်သွင်းလျှင်သော်၎င်း၊ အစီရင်ခံစာရင်းတရပ် ကင်သွင်းပြီးမှ ခြွင်းချန်ချက်၊သို့တည်းမဟုတ် မှားယွင်းချက်တခုခုတွေ့ရှိလျှင်သော်၎င်း၊အစီရင်ခံစာရင်းတရပ်၊သို့တည်းမဟုတ် အစီရင်ခံစာရင်း အသစ်တရပ်ကို၊ အခွန်စည်းကြပ်ခြင်းမပြုသေးမီအတွင်း တင်သွင်းနိုင်သည်။ ထိုသို့တင်သွင်းသော အစီရင်ခံစာများကို၊ ဤပုဒ်မအရ၊ အချိန်မှီတင်သွင်းသော အစီရင်ခံစာရင်းဟုမှတ်ယူရမည်။

စည်းကြပ်ခြင်း။

၇။ ။(၁) ပုဒ်မ ၅၊သို့တည်းမဟုတ် ပုဒ်မ ၆ အရတင်သွင်းသောအစီရင်ခံစာရင်းသည်၊မှန်ကန်ပြည့်စုံသည်ဟု ရောင်းဝယ် လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်က ယူဆလျှင်၊ ရောင်းဝယ် လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်သည်၊ အခွန်ထမ်း၏ရောင်းဝယ်လုပ်ကိုင်မှုဥပစာ၏ တနှစ်အတွက်ငွေခကိုခန့်မှန်းပြတ်ဆိုပြီးနောက်၊ ထိုသို့ခန့်မှန်းပြတ်ဆိုသောတနှစ်အတွက်ငွေခကိုအခြေပြု၍၊အခွန်စည်းကြပ်ရမည်။

(၂) ပုဒ်မ ၅၊ သို့တည်းမဟုတ် ပုဒ်မ ၆ အရတင်သွင်းသော အစီရင်ခံစာရင်းသည် မမှန်ကန်ဟု၊ သို့တည်းမဟုတ် မပြည့်စုံဟု ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်ကယူဆလျှင်၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်သည်၊ အစီရင်ခံစာရင်းတင်သွင်းသူထံနို့တစ်စာပေး၍၊ မိမိရုံးသို့နို့တစ်စာတွင် ဖေါ်ပြထားသောအချိန်အတွင်း လူကိုယ်တိုင်လာရောက်ရန်သော်၎င်း၊ ထိုအစီရင်ခံစာရင်းကို ထောက်ခံသည့်သက်သေခံချက်တင်ပြရန်၊သို့တည်းမဟုတ် တင်ပြစေရန်သော်၎င်း အမိန့်ချမှတ်ရမည်။

(၃) ပုဒ်မခွဲ (၂) အရပေးသည့်နို့တစ်စာ၌ ဖေါ်ပြထားသည့် နေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက်ကျော်လွန်ပြီးသည့်နောက် ဆောလျင်နိုင်သမျှ ဆောလျင်စွာဖြစ်စေ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်သည်၊ထိုသို့ တင်ပြသော သက်သေခံချက်ကို၎င်း၊ သီးခြားဖေါ်ပြထားသည့်အချက်များနှင့် စပ်လျဉ်း၍ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်က လိုအပ်သော အခြားသက်သေခံချက်ကို၎င်း၊ စစ်ဆေးကြားနာပြီးလျှင်၊ အခွန်ထမ်းအသုံးပြုသောရောင်းဝယ်လုပ်ကိုင်မှုဥပစာ၏တနှစ်အတွက်ငွေခကိုအခြေပြု၍၊ စာဖြင့်အမိန့်ချမှတ်ကာ အခွန်စည်းကြပ်ရမည်။

(၄) မည်သူမဆို၊ အစီရင်ခံစာရင်းတရပ်မတင်သွင်းလျှင်၊ သို့တည်းမဟုတ် ဤပုဒ်မအရပေးသည့်နို့တစ်စာတွင်ပါရှိသောအချက်များကိုမလိုက်နာလျှင်၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်သည်၊ သင့်မလျော်ဆုံးဟု ထင်မြင်သည့်အတိုင်း အခွန်စည်းကြပ်ရမည်။

အခွန်စည်းကြပ်ရေးဝန်၏ ပြန်လည် စည်းကြပ်နိုင်သည့်အာဏာ။

၈။ ။(၁) ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်က ခန့်မှန်းပြတ်ဆိုသော တနှစ်အတွက်ငွေခသည်၊ ဤအက်ဥပဒေ၏ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ဟု အခွန်စည်းကြပ်ရေးဝန်က ယူဆလျှင်၊ အခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်းသည့်နှစ်ကုန်ဆုံးသည့်နေ့မှ ၃ နှစ်အတွင်း အခွန်စည်းကြပ်ရေးဝန်သည်၊ အခွန်ကိုပြန်လည်စည်းကြပ်နိုင်သည်။

(၂) အခွန်ကိုပြန်လည်စည်းကြပ်ရာတွင် ထိုက်သင့်သော အခွန်ထက်ပို၍စည်းကြပ်ထားခြင်းကို၊ အခွန်စည်းကြပ်ရေးဝန်က တွေ့ရှိလျှင်၊ အခွန်စည်းကြပ်ရေးဝန်သည်၊ ထိုပိုမိုစည်းကြပ်ထားသောငွေကို၊ အခွန်ထမ်းအားပြန်ပေးစေရမည်။

(၃) အခွန်ကိုပြန်လည်စည်းကြပ်ရာတွင် အခွန်ထပ်မံထမ်းဆောင်သင့်သည်ဟု အခွန်စည်းကြပ်ရေးဝန်ကယူဆလျှင်၊ အခွန်စည်းကြပ်ရေးဝန်သည်၊ အခွန်မည်ရွေ့မည်မျှထပ်မံထမ်းဆောင်ရမည်ဟုအခွန်ထမ်းအား၊ သတ်မှတ်ထားသည့်ပုံစံဖြင့်နို့တစ်စာပေးရမည်။ အခွန်ထမ်းသည်၊ ထပ်မံထမ်းဆောင်ရမည့် အခွန်ကို၊နို့တစ်စာတွင် ဖော်ပြထားသည့်နည်းလမ်းအတိုင်း ဖော်ပြထားသည့်အချိန်အတွင်းထမ်းဆောင်ရမည်။

**အခွန်ထမ်းဆောင်ရန် နည်းလမ်း။**

၉။ (၁) ဤအက်ဥပဒေအရ၊ တနှစ်အတွက်ငါးခအလိုက် အခွန်ထမ်းဆောင်သင့်သည့် ရောင်းဝယ်လုပ်ကိုင်မှု တခုခုကို ပြုလုပ်ဆောင်ရွက်နေသူ မည်သူမဆို၊ မိမိရောင်းဝယ် လုပ်ကိုင်ဆောင်ရွက်နေသည့် အခွန်စည်းကြပ်သောနှစ်အတွက်အခွန်ထမ်းဆောင်ရမည်။

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ သတ်မှတ်ထားသည့်နည်းလမ်းနှင့် သတ်မှတ်ထားသည့်အချိန်အတွင်း အခွန်ကို၊ အစိုးရသို့ထမ်းဆောင်ရမည်။

၁၀။ ။(၁) အခွန်ထမ်းတဦးသည်—

အယူခံဝင်ခြင်း။

(က) ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်ဝန်ထောက်က ချမှတ်သည့်အမိန့်ကို၊ အမိန့်စာရရှိသောနေ့ရက်မှ ရက်ပေါင်းသုံးဆယ် အတွင်း အခွန်စည်းကြပ်ရေးဝန်ထံသို့ အယူခံဝင်နိုင်သည်။

(ခ) အခွန်စည်းကြပ်ရေးဝန်ကချမှတ်သည့်အမိန့်ကို၊ အမိန့်စာရရှိသော နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း လက်ထောက်မင်းကြီးထံ သို့အယူခံဝင်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ (၄) အရရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်ဝန်ထောက်က ချမှတ်သောအမိန့်ကိုအယူခံဝင်နိုင်ခွင့်မရှိစေရ။ထို့ပြင် ဒဏ်ကြေး နှင့်ဖြစ်စေ၊ ဒဏ်ကြေးမပါဘဲဖြစ်စေ၊ အခွန်စည်းကြပ်သည့်အမိန့်ကို အယူခံဝင်သော အမှုတွင်၊ အကယ်၍ ဒဏ်ကြေးပါရှိက၊ ထိုဒဏ်ကြေးနှင့်တကွ အခွန်ကိုပေးသွင်းပြီးဖြစ် ကြောင်း ကျေနပ်လောက်သောသက်သေခံ အထင်အရှားမပါရှိလျှင်၊ အခွန်စည်းကြပ် ရေးဝန်သည်၊ သို့တည်းမဟုတ် လက်ထောက်မင်းကြီးသည်၊ ထိုအယူခံကို လက်မခံရ။

(၂) ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့် ကာလအပိုင်းအခြား ကုန်ဆုံး ပြီးနောက်မှ အယူခံလွှာတင်သွင်းသောကိစ္စတွင်၊ အယူခံအာဏာပိုင်သည်၊ အယူခံဝင် သူ၌ အဆိုပါကာလအပိုင်းအခြားအတွင်း အယူခံလွှာမတင်သွင်းခဲ့ရသည့်အတွက် လုံ လောက်သော အကြောင်းပြချက်ရှိသည်ဟုကျေနပ်လျှင်၊ အယူခံလွှာကိုလက်ခံနိုင်သည်။

(၃) ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်မဆန့်ကျင်စေဘဲ၊ အယူခံအာဏာပိုင်သည်၊ အယူခံမှုတွင် မိမိသင့်သည် ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည်။

(၄) ဤပုဒ်မအရ အယူခံမှုတွင်ချမှတ်သောအမိန့်တိုင်းသည်၊ ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များကို ထောက်ထား၍၊ အပြီးအပြတ်အတည်ဖြစ်ရမည်။

ပြင်ဆင်မှု။

၁၁။ ။(၁) ပုဒ်မ ၁၀ အရ အယူခံဝင်သောအမှုများတွင်၊ အခွန်စည်းကြပ်ရေးဝန်က၊ သို့တည်းမဟုတ် လက်ထောက်မင်းကြီးက ချမှတ်သောအမိန့်ကို၊ အမိန့်စာရသည့်နေ့ရက်မှရက်ပေါင်းခြောက်ဆယ်အတွင်း မင်းကြီးထံပြင်ဆင်မှုလျှောက်လွှာ တင်သွင်းနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ပြင်ဆင်မှုလျှောက်လွှာနှင့်စပ်လျဉ်းသည့် အခွန်ငွေနှင့်တကွ၊ ဒဏ်ကြေးရှိလျှင်၊ ထိုဒဏ်ကြေးကိုပေးဆောင်ပြီးပြီဟုသည်ဟု ကျေနပ်ခြင်းမရှိလျှင်၊ ဒဏ်ကြေးနှင့်ဖြစ်စေ၊ ဒဏ်ကြေးမပါဘဲဖြစ်စေ၊ အခွန်စည်းကြပ်သည့်အမိန့်တခုခုကို ပြင်ဆင်ရန်တင်သွင်းသည့် မည်သည့်ပြင်ဆင်မှုလျှောက်လွှာကိုမျှလက်မခံရ။

(၂) ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသည့် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက်မှ ပြင်ဆင်မှုလျှောက်လွှာတင်သွင်းသောကိစ္စတွင်၊ မင်းကြီးသည်၊ လျှောက်ထားသူ၌ အဆိုပါကာလအပိုင်းအခြားအတွင်း ပြင်ဆင်မှုလျှောက်လွှာမတင်သွင်းခဲ့ရသည့်အတွက် လုံလောက်သောအကြောင်းပြချက်ရှိသည်ဟု ကျေနပ်လျှင်၊ ပြင်ဆင်မှုလျှောက်လွှာကိုလက်ခံနိုင်သည်။

(၃) မင်းကြီးသည်၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ပြင်ဆင်မှုတွင် မိမိသင့်သည်ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ဤပုဒ်မအရချမှတ်သည့် အမိန့်သည်၊ အခွန်ထမ်းတဦးဦး၏ အကျိုးကိုထိခိုက်မည်ဖြစ်လျှင်၊ ထိုအမိန့်ကို မချမှတ်မီ၊ ထိုသူအားသင့်လျော်သောပြောရေးဆိုခွင့်ကိုပေးရမည်။

အမှုမှတ်တမ်း စသည်တို့ကို တောင်းယူနိုင်သော မင်းကြီး၏အာဏာ။

၁၂။ ။မင်းကြီးသည်၊ မည်သည့် လက်အောက် အာဏာပိုင် ထံမှမဆို၊ ဤအက်ဥပဒေအရအရေးယူ ဆောင်ရွက်သော မှုခင်းကိစ္စများ၏ အမှုတွဲတခုခုကို၊ မိမိသဘောအလျောက်တောင်းယူပြီးလျှင်၊ ထိုမှုခင်းကိစ္စများနှင့်စပ်လျဉ်း၍ မိမိသင့်သည်ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် မင်းကြီးသည်၊ လက်အောက် အာဏာပိုင် တဦးဦး အမိန့်ချမှတ်သည့်နေ့ရက်မှ သုံးနှစ်ကြောက်သော နေ့ရက်၊ သို့တည်းမဟုတ် သက်ဆိုင်ရာ အခွန်စည်းကြပ်သည့်နှစ်ကုန်ဆုံးသောနေ့ရက်မှသုံးနှစ်မြောက်သောနေ့ရက်၊ ထိုနေ့ရက်နှစ်ရပ်အနက် နောက်ကျသောနေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက် မတိုင်မီဖြစ်စေ၊ အဆိုပါအာဏာကိုသုံးစွဲရမည်။ ထို့ပြင် မင်းကြီးကချမှတ်သည့်အမိန့်သည်၊ အခွန်ထမ်းတဦးဦး၏အကျိုးကို ထိခိုက်မည်ဖြစ်လျှင်၊ ထိုအမိန့်ကို မချမှတ်မီ၊ ထိုသူအား သင့်လျော်သောပြောရေးဆိုခွင့်ကိုပေးရမည်။

စုံစမ်းစစ်ဆေးနိုင်သည့်အာဏာ။

၁၃။ ။(၁) ဤအက်ဥပဒေအရ ဆောင်ရွက်သည့် စုံစမ်း စစ်ဆေးရေး အတွက်၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်သည်၊ သို့တည်းမဟုတ် ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက် ထက်ရာထူးမြင့်သောအရာရှိသည်၊ အမိန့်ရေးသားချမှတ်၍ မည်သူ့ကိုမဆို—

(က) ၎င်းအသုံးပြုထားသော ရောင်းဝယ်လုပ်ကိုင်မှု ဥပစာ၏ တနှစ်အတွက် ဒွါးခအပြင်၊ စုံစမ်းစစ်ဆေးရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာ အပြည့်အစုံကို၊ သတ်မှတ်ထားသည့်ပုံစံဖြင့်၊ အမိန့်တွင်ဖော်ပြထားသည့် အချိန်နှင့်နေရာ၌တင်ပြရန် ဆင့်ဆိုနိုင်သည်။

(ခ) ...ဆေးကြည့်ရှုရန်၊ စုံစမ်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သောစာရင်းအင်းများ၊ ငှါးခပြေစာများ၊ စာအုပ်များနှင့် အခြားစာတမ်း အမှတ်အသားများကို၊ အမိန့်တွင်ဖော်ပြထားသည့် အချိန်နှင့် နေရာ၌ တင်ပြရန်ဆင့်ဆိုနိုင်သည်။

(၂) ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ (၁)တွင်ဖော်ပြထားသည့်အရာရှိမှာ၊ တရားမကျင့်ထုံးဥပဒေအရ တရားရုံးကလိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများအတိုင်း လိုက်နာနိုင်သမျှလိုက်နာ၍၊ သက်သေများလာရောက်ရန်ဆင့်ဆိုနိုင်သည့်အာဏာ၊ သက်သေများလာရောက်ရန်အတင်းအကြပ်ပြုလုပ်နိုင်သည့်အာဏာနှင့် စာတမ်းအမှတ်အသားများကိုတင်ပြစေရန် အတင်းအကြပ်ပြုလုပ်နိုင်သည့်အာဏာရှိရမည်။ အဆိုပါအာဏာများကို၊ ဤအက်ဥပဒေဝါပြဋ္ဌာန်းချက်များအရဆောင်ရွက်ရာ၌ လိုအပ်သမျှသာသုံးစွဲရမည်။

အကြောင်းအရာများကို ထိမ်ဝှက်ထားခြင်း အတွက် ပြစ်ဒဏ်။

၁၄။ ။ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်ဝန်ထောက်သည်၊ သို့တည်းမဟုတ် အခွန်စည်းကြပ်ရေးဝန်သည်၊သို့တည်းမဟုတ် လက်ထောက်မင်းကြီးသည်၊ သို့တည်းမဟုတ် မင်းကြီးသည်၊ တဦးတယောက်သောသူတင်သွင်းသည့် အစီအရင်ခံစာရင်းတွင် ဖော်ပြသင့်သော အကြောင်းအရာများကို ထိမ်ဝှက်၍ထားသည်ဟုသော်၎င်း၊ သိလျက်နှင့်မပြည့်စုံမမှန်သောအကြောင်းအရာများကို ဖော်ပြသည်ဟုသော်၎င်း ယူဆကျေနပ်ခဲ့လျှင်၊ ထိုသူတင်သွင်းသောအစီရင်ခံစာရင်းကို မှန်ကန်ပြည့်စုံသည်ဟု လက်ခံပါက၊ ထိုသူလွှဲရှောင်နိုင်မည်ဖြစ်သည့် အခွန်ငွေပေါင်းထက် မပိုသောငွေကို၊ ထမ်းဆောင်သင့်သောအခွန်ငွေအပြင်၊ ဒဏ်ကြေးအဖြစ် ပေးဆောင်စေရန် ထိုသူအား၊ ညွှန်ကြားနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် တဦးတယောက်သောသူအား၊ သင့်လျော်သော ပြောရေးဆိုခွင့်ကို မပေးဘဲ၊ ထိုသူအပေါ် ဒဏ်ကြေးတပ်ရိုက်သည့် အမိန့်မချမှတ်ရ။ ထို့ပြင် ဤပုဒ်မအရဒဏ်ကြေးတပ်ရိုက်ခြင်းသည်၊ဤအက်ဥပဒေပါ ပြစ်မှုတခုခုကျူးလွန်သည့်အတွက် တရားစွဲဆိုခြင်းကိုမထိခိုက်စေရ။

**အခွန်ကိုလွှဲရှောင်ခြင်း၊ အကြောင်းအရာ ဖြေကြားရန်ပျက်ကွက်ခြင်း စသည်တို့အတွက်ပြစ်ဒဏ်။**

၁၅။ ။(၁) မည်သူမဆို၊ ဤအက်ဥပဒေအရထမ်းဆောင် သင့်သော အခွန်ငွေကို လွှဲရှောင်လျှင်၊ သို့တည်းမဟုတ် လွှဲရှောင်ရန် အားထုတ်လျှင်သော်၎င်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရ၊ ဖြေကြားရမည့် ဖြစ်သော အကြောင်းအရာကိုဖြေကြားရန် ပျက်ကွက်လျှင်သော်၎င်း၊ သိလျက်နှင့် မမှန်သော အကြောင်းအရာကိုဖြေကြားလျှင်သော်၎င်း၊ ထိုသူသည်၊ တနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ခြင်းခံထိုက်စေရမည်။

**ပြစ်မှုကျူးလွန်ရန်အားပေးကူညီသည့်အတွက်ပြစ်ဒဏ်။**

(၂) မည်သူမဆို၊ ပုဒ်မခွဲ (၁) အရ၊ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတခုကို အားပေးကူညီလျှင်၊ ထိုသို့အားပေးကူညီခြင်းကြောင့် ထိုပြစ်မှုအထမြောက်သည် ဖြစ်စေ၊ အထမမြောက်သည် ဖြစ်စေ၊ ထိုသူသည်၊ ရာဇသတ်ကြီးပုဒ်မ ၁၁၆ တွင် မည်သို့ပင်ပါရှိစေကာမူ၊ ကျူးလွန်ခဲ့သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားခဲ့သောပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်စေရမည်။

(၃) ဤအက်ဥပဒေအရ ထမ်းဆောင်သင့်သောအခွန်ငွေကို လွှဲရှောင်ခြင်း၊ သို့တည်းမဟုတ် လွှဲရှောင်ရန်အားထုတ်ခြင်းအတွက် ပုဒ်မခွဲ (၁) အရပြစ်ဒဏ်ချမှတ်သောအခါ၊ ရာဇဝတ်တရားသူကြီးသည်၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူက ထမ်းဆောင်ရန်ပျက်ကွက်ခဲ့သော၊ သို့တည်းမဟုတ် လွှဲရှောင်ခဲ့သောအခွန်ငွေကို၎င်း၊ ဒဏ်ကြေးကို၎င်း၊ အခြားကြေးငွေကို၎င်း၊ မိမိ၏အမိန့်၌ သီးခြားဖေါ်ပြရမည်။ ထို့ပြင် ထိုသို့ သီးခြားဖေါ်ပြထားသည့် အခွန်ငွေကိုဖြစ်စေ၊ ဒဏ်ကြေးကိုဖြစ်စေ၊ အခြားကြေးငွေကို ဖြစ်စေ၊ ဒဏ်ငွေကဲ့သို့ အရတောင်းခံရမည်။

**အခွန်မပြေကျန်ငွေကို အရတောင်းခံခြင်း။**

၁၆။ ။(၁) ဒဏ်ကြေးနှင့်ဖြစ်စေ၊ ဒဏ်ကြေးမပါဘဲဖြစ်စေ၊ ဤအက်ဥပဒေအရထမ်းဆောင်ရန်ရှိသောအခွန်ငွေကို၊သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းအချိန်မှီမထမ်း ဆောင်ခဲ့လျှင်ထိုငွေကိုမပြေကျန်ငွေဟု မှတ်ယူရမည်။

(၂) ဒဏ်ကြေးပါသည်ဖြစ်စေ၊ ဒဏ်ကြေးမပါသည်ဖြစ်စေ၊ မည်သည့်မပြေကျန်ငွေကိုမဆို၊ ကောက်ခံရသည့်အတွက် စရိတ်ငွေနှင့်တပါတည်း၊ မြေခွန်တော်မပြေကျန်ငွေကဲ့သို့သော်၎င်း၊ ဒဏ်ငွေကဲ့သို့သော်၎င်း၊ အရတောင်းခံရမည်။ ထိုသို့တောင်းခံခြင်းသည်၊ ဤအက်ဥပဒေအရ ထိုက်သင့်သောပြစ်ဒဏ်အစားမဟုတ်ဘဲ၊ ထိုပြစ်ဒဏ်အပြင် တောင်းခံခြင်းဖြစ်စေရမည်။

(၃) ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်ဝန်ထောက်သည်၊ အခွန်ထမ်းတဦးဦးထံမှ အခွန်မပြေကျန်ငွေ မည်မျှမည်မျှရရန်ရှိသည်ဟုဖေါ်ပြ၍၊ မိမိလက်မှတ်ရေးထိုးထားသောလက်မှတ်တစောင်ကို၊ ခရိုင်ကော်လိတ်တော်အရာရှိထံသို့ ပေးပို့နိုင်သည်။ ခရိုင်ကော်လိတ်တော် အရာရှိသည်၊ ထိုလက်မှတ်ကိုရရှိသည့်အခါ၊ ထိုအခွန်ထမ်းထံမှ ထိုအခွန်ငွေကို၊ မြေခွန်တော်မပြေကျန်ငွေကဲ့သို့ အရတောင်းခံရမည်။

**အရာရှိများ ခန့်ထားနိုင်သည့်အာဏာ။**

၁၇။ ။နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါကိစ္စများနှင့်ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာဖြင့် အရာရှိများခန့်ထားနိုင်သည်။

ဝင်ရောက် စစ်ဆေးနိုင်သည့်အာဏာ။

၁၈။ ။(၁) ပုဒ်မ ၁၇ အရ ခန့်ထားခြင်းခံရသောမည်သည့်အရာရှိမဆို ဤအက်ဥပဒေ၀ါပြဋ္ဌာန်းချက်များနှင့်အညီ အခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍၊ သင့်လျော်သော အချိန်အခါများ၌၊ ရောင်းဝယ်လုပ်ကိုင်မှု ဥပစာတခုခုကို၊ သို့တည်းမဟုတ် ရောင်းဝယ်လုပ်ကိုင်မှုဆောင်ရွက်ရန်အတွက် အသုံးပြုသောနေရာတခုခုကို ဝင်ရောက်စစ်ဆေးနိုင်သည်။

တားဆီး ပိတ်ပင်သည့်အတွက်ပြစ်ဒဏ်။

(၂) မည်သူမဆို၊ ပုဒ်မ ၁၇ အရ ခန့်ထားခြင်းခံရသောအရာရှိ၏ဝင်ရောက်စစ်ဆေးခြင်းကိုတားဆီးလျှင်၊ သို့တည်းမဟုတ် ပိတ်ပင်လျှင်၊ ထိုသူသည်၊ တနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ခြင်းခံထိုက်စေရမည်။

ဤအက်ဥပဒေအရ ခန့်ထားခြင်းခံရသော အရာရှိသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရခြင်း။

(၃) ပုဒ်မ ၁၇ အရခန့်ထားခြင်းခံရသော အရာရှိအသီးသီးသည်၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင်အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

အခွန် မစည်းကြပ်မိခဲ့သော တနှစ်အတွက်ငွေခ။

၁၉။ ။ရောင်းဝယ်လုပ်ကိုင်မှုဥပစာ၏ တနှစ်အတွက် ငှါးခအားလုံးနှင့်ဖြစ်စေ၊ တစိတ်တဒေသနှင့်ဖြစ်စေ စပ်လျဉ်း၍ အကြောင်းတခုခုကြောင့်၊ အခွန်စည်းကြပ်သော မည်သည့်နှစ်အတွင်းတွင်မဆို၊ အခွန်မစည်းကြပ်မိခဲ့သော်၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်ဝန်ထောက်သည်၊ သက်ဆိုင်ရာအခွန်စည်းကြပ်သည့်နှစ်ကုန်ဆုံးသောနေ့ရက်မှ သုံးနှစ်အတွင်း၊ မည့်သည့်အခါမဆို၊ အခွန်ထမ်းအားနို့တစ်စာချအပ်၍၊ လိုအပ်သည်ဟု မိမိထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေးပြီးနောက်၊ အခွန်မစည်းကြပ်မိခဲ့သော တနှစ်အတွက် ငှါးခအတွက်ထမ်းဆောင်ရမည်အခွန်ကို စည်းကြပ်နိုင်သည်။

မှားယွင်းချက်ကိုပြင်ခြင်း။

၂၀။ ။(၁) အခွန်စည်းကြပ်ရေး အာဏာပိုင်သည်၊ သို့တည်းမဟုတ် အယူခံအာဏာပိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်မှုအာဏာပိုင်သည်၊ မိမိအမိန့်ချမှတ်သော နေ့ရက်မှ သုံးနှစ်အတွင်း မည်သည့်အခါမဆို၊ မှတ်တမ်းတွင်ပေါ်လွင်သည့် မှားယွင်းချက်တခုခုကို၊ မိမိသဘောအလျောက်ပြင်နိုင်သည့်ပြင်၊ အခွန်ထမ်းက မှားယွင်းချက်တခုခုနှင့်စပ်လျဉ်း၍ တိုင်ကြားလျှော်လည်း၊ အဆိုပါ ကာလအပိုင်း အခြားအတွင်း ထိုမှားယွင်းချက်ကို ပြင်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် ယင်းသို့ပြင်ခြင်းကြောင့် စည်းကြပ်သည်အခွန်ငွေပိုလာမည်ဖြစ်လျှင်၊ ယင်းသို့ပြင်ရန်ကြံရွယ်ကြောင်းကို၊ နို့တစ်စာဖြင့် အခွန်ထမ်းအား အကြောင်းမကြားဘဲ၊ထို့ပြင် အခွန်ထမ်းအား၊သင့်လျော်သောပြောရေးဆိုခွင့်မပေးဘဲ၊ ယင်းသို့ပြင်ခြင်းမပြုရ။

(၂) ယင်းသို့ပြင်ခြင်းကြောင့် စည်းကြပ်ထားသည့် အခွန်ငွေလျော့သွားမည်ဖြစ်လျှင်၊ ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတ ကပြုသည့်နည်းဥပဒေများနှင့်အညီ၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန် ဝန်ထောက်သည်၊ အခွန်ထမ်းအား၊ ထိုက်သင့်သော

ငွေကိုပြန်ပေးရမည်၊ သို့တည်းမဟုတ် ပြန်ပေးရန်မိမိအား ညွှန်ကြားလျှင်၊ ပြန်ပေးရမည်။

(၃) ယင်းသို့ ပြင်ခြင်းကြောင့် စည်းကြပ်ထားသည့် အခွန်ငွေပိုလာမည် ဖြစ်လျှင်၊ ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်ဝန်ထောက်က၊ အခွန်ထမ်းအားနောက်ထပ် ထမ်းဆောင်ရမည့်အခွန်ငွေကို ဖော်ပြထားသည့် အခွန်တောင်းခံသော နို့တစ်စာ အသစ်တစောင်ကို၊ သတ်မှတ်ထားသည့်ပုံစံဖြင့်၊ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ချအပ်ရမည်၊ သို့တည်းမဟုတ် ချအပ်ရန်မိမိအား ညွှန်ကြားလျှင်၊ အဆိုပါ နို့တစ်စာကို ချအပ်ရမည်။ အခွန်ထမ်းသည်၊ ထိုနို့တစ်စာတွင် ဖော်ပြထားသည့် အခွန်ငွေကို၊ ဖော်ပြထားသည့်နေ့ရက်တွင် ထမ်းဆောင်ရမည်။

**တရားစွဲဆိုခြင်း။**

၂၁။ ။လက်ထောက်မင်းကြီး၏ အခွင့်အမိန့်ကို ကြိုတင်မရရှိဘဲ၊ မည်သူ့ကိုမျှ၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) အရဖြစ်စေ၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) အရဖြစ်စေ၊ တရားမစွဲဆိုရ။

**ပြစ်မှုများပြေငြိမ်းခြင်း။**

၂၂။ ။(၁) ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ မင်းကြီးသည်၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) အရဖြစ်စေ၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) အရဖြစ်စေ တရားမစွဲဆိုမီသော်၎င်း၊ တရားစွဲဆိုပြီးမှသော်၎င်း၊ ကျပ်တရာနှစ်ဆယ်ထက်မနည်း၊ ကျပ်တထောင်ထက်မပိုသောငွေကို၊ ပြေငြိမ်းကြေးအဖြစ်ဖြင့် လက်ခံနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ မင်းကြီးကဆုံးဖြတ်သောငွေကို ပေးဆောင်လျှင်၊ ပြစ်မှုကျူးလွန်သူအပေါ်၌၊ ပြေငြိမ်းကြေးနှင့် သက်ဆိုင်သည့် ပြစ်မှုအတွက်နောက်ထပ် အရေးယူခြင်းမပြုရ။

**နည်းဥပဒေများ ပြုနိုင်သည့် အာဏာ။**

၂၃။ ။(၁) နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရနည်းဥပဒေများပြုရာ၌ နိုင်ငံတော်သမတ သည်၊ နည်းဥပဒေတခုခုကို ဖေါက်ဖျက်ဆန့်ကျင်မှုအတွက်သော်၎င်း၊ နည်းဥပဒေများအရ ထုတ်ဆင့်သောညွှန်ကြားချက်၊ သို့တည်းမဟုတ် အမိန့်တခုခုကို ဖေါက်ဖျက်ဆန့်ကျင်မှုအတွက်သော်၎င်း၊ ဤအက်ဥပဒေတွင် ပြစ်ဒဏ်ပြဋ္ဌာန်းထားခြင်း မရှိလျှင်၊ အဆိုပါ ဖေါက်ဖျက်ဆန့်ကျင်မှုတခုခုကို ကျူးလွန်သူအားကျပ်နှစ်ရာထိ ငွေဒဏ်ချမှတ်ရမည်ဟု သိုနည်းဥပဒေများတွင်ပြဋ္ဌာန်းနိုင်သည့်ဖြင်၊ အဆိုပါ ဖေါက်ဖျက်ဆန့်ကျင်မှု ကျူးလွန်သော ပြစ်မှုသည်၊ ဆက်လက်ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ ပြစ်မှုကျူးလွန်သည့် ပဌမနေ့မှတပါး၊ နောက်ထပ် ဆက်လက်ပြစ်မှုကျူးလွန်သည့်ကာလ အပိုင်းအခြားအတွင်း အခြားနေ့ရက်များအတွက် တရက်လျှင် ကျပ်ငါးဆယ်ထက်မပို သည့် ငွေဒဏ်ချမှတ်ရမည်ဟုလည်း ပြဋ္ဌာန်းနိုင်သည်။

**အာဏာလွှဲအပ်ခြင်း။**

၂၄။ ။နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၂၃ နှင့် ဤပုဒ်မဖြင့် မိမိအား အပ်နှင်းထားသည့် အာဏာများမှတပါး၊ ဤအက်ဥပဒေဖြင့် မိမိအား အပ်နှင်းထားသော အခြားအာဏာအားလုံးကို ဖြစ်စေ၊ အာဏာတခုခုကိုဖြစ်စေ၊ တဦးတယောက်သောသူအား၊ သို့တည်းမဟုတ် လက်အောက်အာဏာပိုင်တဦးဦးအား၊ အမိန့်ကြော်ငြာစာဖြင့် လွှဲအပ်နိုင်သည်။

အခွန် စည်းကြပ်ခြင်း အစရှိသည့်တို့ကိုရာဇဝတ်မှု၌ ငြင်းဆိုပိုင်ခွင့်မရှိခြင်း။

၂၅။ ။ရာဇဝတ်တရားရုံးတခုခု၌၊ ဤအက်ဥပဒေအရဖြစ်စေ၊ အခြားတရားဥပဒေအရဖြစ်စေ စွဲဆိုသည့်ရာဇဝတ်မှုတခုခုတွင်၊ သို့တည်းမဟုတ် အခြားမှုခင်းတခုခုတွင်၊ ဤအက်ဥပဒေအရသော်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများအရသော်၎င်း ချမှတ်သည့်အမိန့်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် အခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ ငြင်းဆိုပိုင်ခွင့်မရှိစေရ။

ကင်းလွတ်ခွင့်။

၂၆။ ။ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ သဘောရိုးဖြင့်ပြုသည့်၊ သို့တည်းမဟုတ် ပြုရန်ကြံရွယ်သည့် အပြုအမူတခုခုအတွက် မည်သူ့ကိုမျှ တရားမမှုသော်၎င်း၊ ရာဇဝတ်မှုသော်၎င်း၊ အခြားမှုခင်းသော်၎င်း၊ မစွဲဆိုရ။

## ဇယား

[ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) ကိုကြည့်။]

**အပိုင်း ၁။**

ရာဇိုင်နှုန်းနှစ်ဆယ်။

**အပိုင်း ၂။**

ကျပ် ခြောက်ရာ။

ဝ၊မှု၃၊စ၊—အမှတ် ၇၂၊ တရားရေးဝန်ကြီးဌာန၊ ၃၀-၁-၅၇—၂,၂၀၀—[illegible]၂။